# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် တည်ထောင်ရေးဥပဒေ ရေးဆွဲမှုလုပ်ငန်း ပွင့်လင်းမြင်သာမှုရှိရေး နှင့် အများပြည်သူ ပါဝင်နိုင်ရေးအတွက် တောင်းဆိုသည့်ကြေညာချက်

မေလ (၁၀) ရက် ၂၀၁၂ ခုနှစ်

အောက်တွင်လက်မှတ်ရေးထိုးထားသည့် ကျွန်ုပ်တို့လူထုအခြေပြုအဖွဲ့အစည်းများ၊ အရပ်ဖက်လူထုအသင်းအဖွဲ့များနှင့် ကွန်ယက်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပါရီမူများနှင့် အပြည့်အဝကိုက်ညီပြီး လွတ်လပ်သည့်အဆောက်အအုံတစ်ခု ဖြစ်လာစေရန်အတွက် လွှတ်တော်မှ ဥပဒေပြဌာန်းတည်ထောင်ဆောင်ရွက်ရန် ဆုံးဖြတ်မှု ကို ကြိုဆိုပါသည်။

အမျိုးသားလူ့အခွင့်အရေးဌာန (NHRI) တစ်ခု၏ တရားဝင်မှု၊ အများကယုံကြည်အားကိုးနိုင်မှုနှင့် ထိရောက်မှုတို့အတွက် သော့ချက်ကျသောဂုဏ်အင်္ဂါမှာ လွတ်လပ်မှုဖြစ်သည်ဟု ကျွန်ုပ်တို့မှယုံကြည်ပါသည်။ NHRI ၏ တည်တံ့မှုနှင့်လွတ်လပ်မှုကို အာမခံနိုင်ရန်အတွက် NHRI တည်ထောင်သည့်ဥပဒေတွင် ၎င်း၏အခန်းကဏ္ဍနှင့် အာဏာရပ်များကို ရှင်းရှင်းလင်းလင်း သတ်မှတ်ပြဌာန်းရမည်ဟု ပါရီမူများ၌ ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် တည်ထောင်သည့်ဥပဒေကိုရေးဆွဲရာတွင် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများအပေါ်အခြေခံသည့် ကျယ်ပြန့်သောလုပ်ပိုင်ခွင့်အာဏာ၊ အလွှာစုံအဖွဲ့ဝင်များပါဝင်မှု၊ လုံလောက်သော ဘဏ္ဍာရေးအရင်းအမြစ်၊ စုံစမ်းစစ်ဆေးခွင့်အာဏာနှင့် လူထုအသိုင်းအဝိုင်းကို ကိုယ်စားပြုမှုစသည်တို့အပါအဝင် အခြားသောပါရီအခြေခံမူလိုအပ်ချက်များကို ထင်ဟပ်မှုရှိရမည်။

မြန်မာပြည်သူတို့ကို အကောင်းဆုံးအလုပ်အကျွေးပြုနိုင်ပြီး ပါရီမူများနှင့်ကိုက်ညီသည့် လွတ်လပ်ထိရောက်သော အမျိုးသားလူ့အခွင့်အရေးကော်မရှင် ပေါ်ပေါက်ရေးကို အတူဝိုင်းဝန်းဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်တည်ထောင်သည့် ဥပဒေရေးဆွဲရေးလုပ်ငန်းတွင် ပွင့်လင်းမြင်သာမှုရှိရေးနှင့် အများပြည်သူပါဝင်နိုင်ရေးအာမခံရန် ကျွန်ုပ်တို့မှ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရတို့အား တောင်းဆိုပါသည်။

လူထုအခြေပြုအသင်းအဖွဲ့များနှင့် ထိတွေ့ဆက်ဆံမှုများကြောင့် NHRI များအတွက် ၎င်းတို့၏လွတ်လပ်မှုနှင့် အလွှာစုံစံနစ် (pluralism) ကိုထိန်းသိမ်းကာကွယ်နိုင်ရန် အထောက်အကူဖြစ်စေနိုင်ရုံသာမက အများ၏အသိအမှတ်ပြု ယုံကြည်မှုကို ပိုမိုလေးနက်ခိုင်မာစေခြင်းဖြင့် လုပ်ငန်းပိုမိုထိရောက်မှု ရှိစေနိုင်သည်ဟု ပါရီမူများက အသိအမှတ်ပြုထားပါသည်။ စီမံကိန်းဆွဲသည့်အဆင့်မှ အကောင်အထည်ဖော်သည့်အဆင့်၊ အကဲဖြတ်သည့်အဆင့်အထိ အဆင့်တိုင်းတွင် အပြည့်အဝညှိနှိုင်းဆွေးနွေးမှု ပုံမှန်လုပ်ရန်ကိုလည်း ပါရီမူများက အားပေးထားပါသည်။ ဤသည်မှာ လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် အမျိုးသားလူ့အခွင့်အရေး ဌာန၏လုပ်ငန်းများကို အားပေးထောက်ခံရန် သေချာစေသည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။

ပါရီမူများနှင့်ကိုက်ညီသည့် ကော်မရှင်တစ်ရပ်ထူထောင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရမှ လေးနက်သည့်စိတ်ဆန္ဒရှိပါက ပွင့်လင်းမြင်သာမှုကိုအာမခံရန်၊ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်နှင့် မြန်မာပြည်သူတို့၏ လိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ရန်အတွက် အရပ်ဖက်လူထုအသင်းအဖွဲ့များ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ရမည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

ထို့ကြောင့် ပွင့်လင်းမြင်သာမှုနှင့် အများပြည်သူနှင့်လူထုအခြေပြုအဖွဲ့အစည်းများ၏ အဓိပ္ပါယ်ရှိသော ပါဝင်ဆောင်ရွက်မှုတို့ကို အာမခံနိုင်ရန်အတွက် အောက်ပါအချက်များကို အကောင်အထည်ဖော်ဖို့ ကျွန်ုပ်တို့က အကြံပြုတိုက်တွန်းအပ်ပါသည်။ သို့မှသာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် တည်ထောင်သည့်ဥပဒေရေးဆွဲရေးလုပ်ငန်းသည် လက်ခံယုံကြည်နိုင်ဖွယ်ရှိကာ အများပါဝင်မှုနှင့်ပွင့်လင်းမြင်သာမှုရှိပြီး ပါရီမူများနှင့် ဆီလျော်မည်ဖြစ်ပါသည်။

- တည်ထောင်သည့်ဥပဒေကြမ်းကို မြန်မာဘာသာနှင့် အခြားတိုင်းရင်းသားဘာသာစကားများဖြင့် ထုတ်ဝေကာ အထူးသဖြင့် မီဒီယာမှတဆင့် ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေမှုပြုပြီး ရေးဆွဲရေးလုပ်ငန်းများတွင် ပြည်သူလူထုမှ အဓိပ္ပါယ်ရှိရှိပါဝင်နိုင်အောင်နှင့် အကြောင်းအရာအပေါ် အကြံပြုတိုက်တွန်းချက်များပေးပို့နိုင်အောင် အချိန်အလုံအလောက်ပေးရန်။
- ရေးဆွဲရေးလုပ်ငန်းကို ကွပ်ကဲနိုင်ရန်အတွက် အစိုးရအတွင်း၌လည်းကောင်း၊ NHRC အတွင်း၌လည်းကောင်း၊ ဆုံချက်ပုဂ္ဂိုလ်တစ်ဦး အများသိသတ်မှတ်ကြေညာထားရန်နှင့် အများပြည်သူနှင့်ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးမှုနှင့် အပြန်အလှန်ဆက်သွယ်မှုတို့ကို အကျိုးဆောင်ပေးမည့် လွှတ်တော်ကော်မတီတစ်ရပ်ကိုလည်း လူသိရှင်ကြား ဖွဲ့စည်းရန်။
- ဥပဒေကြမ်းစတင်ရေးဆွဲချိန်မှစ၍ လွှတ်တော်တွင်း တင်သွင်းဆွေးနွေးချိန်အထိ ညှိနှိုင်းဆွေးနွေးမှုဖြစ်စဉ်အဆင့်တိုင်းတွင် အများပါဝင်ဖြည့်ဆည်းမှုပြုနိုင်အောင် လမ်းဖွင့်ပေးရန်။
- မှတ်ပုံတင်ထားသည်ဖြစ်စေ မတင်ထားသည်ဖြစ်စေ တစ်နိုင်ငံလုံးရှိ အထူးသဖြင့်တိုင်းရင်းသားဒေသများမှ လူထုအခြေပြုအဖွဲ့အစည်းများ အရပ်ဖက်လူထုအသင်းအဖွဲ့များ အောက်ခြေပြည်သူများနှင့် ရပ်ရွာလူထုများ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့်တကွ မီဒီယာများ စသည့်သက်ဆိုင်သူများအားလုံးနှင့် ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်း များကို ဆောင်ရွက်ခြင်းဖြင့် အလွှာစုံပါဝင်မှုကို အာမခံရန်။
- ထိုသို့ ညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်ရာတွင် ထိရောက်မှု၊ အများပြည်သူပါဝင်မှုနှင့် ပြည့်စုံလုံလောက်မှု ရှိနိုင်ရန်အတွက် လုံလောက်သော အရင်းအမြစ်များကို ချမှတ်အသုံးပြုရန်။
- ညှိနှိုင်းဆွေးနွေးမှုဖြစ်စဉ်နှင့် တည်ထောင်သည့်ဥပဒေရေးဆွဲရာတွင် နိုင်ငံတကာကျွမ်းကျင်သူများနှင့် အာရှဒေသတွင်းရှိ အမျိုးသားလူ့အခွင့်အရေးဌာနများ၏ကွန်ယက်များထံမှ နည်းပညာပိုင်းဆိုင်ရာ အကူအညီများရယူရန်။

**ထောက်ခံလက်မှတ်ရေးထိုးသောအဖွဲ့အစည်းများ**

1. Arakan Human Rights and Development Organisation (AHRDO)
2. Arakan Labor Campaign (ALC)
3. Burma Lawyers' Council (BLC)
4. Burma Partnership (BP)
5. Back Pack Health Worker Team (BPHWT)
6. **Forum for Democracy in Burma (FDB)**
    i. All Burma Federation Students Union - FAC (ABFSU-FAC)
    ii. All Burma Students Democratic Front (ABSDF)
    iii. Burmese Women's Union (BWU)
    iv. Network for Democracy and Development (NDD)
    v. Democratic Party for a New Society (DPNS)
    vi. People Defense Force (PDF)
    vii. Yaung Chi Oo Workers Association (YCOWA)
7. Karen Rivers Network
8. Maukkha Education Magazine
9. **Network for Human Rights Documentation - Burma (ND-Burma)**
    i. Assistance Association for Political Prisoners – Burma (AAPP-B)
    ii. All Arakan Students and Youth's Congress (AASYC)
    iii. Burma Issues (BI)
    iv. Chin Human Rights Organization (CHRO)
    v. Earth Rights International (ERI)

vi. Human Rights Documentation Unit (HRDU)
vii. Human Right Educational Institute of Burma (HREIB)
viii. Human Rights Foundation of Monland (HURFOM)
ix. Kachin Women’s Association Thailand (KWAT)
x. Lahu Women’s Organization (LWO)
xi. Palaung Women’s Organization (PWO)
xii. Taang Students and Youth Organization (TSYO)
xiii. Yoma3 News Service

10. **Student and Youth Congress of Burma (SYCB)**
    i. All Arakan Students and Youth's Congress (AASYC)
    ii. All Burma Students Democratic Front (ABSDF)
    iii. All Kachin Students and Youth Union (AKSYU)
    iv. Arakan League for Democracy - Youth Wing (Exile)
    v. Democratic Party for a New Society - Youth (DPNS-Y)
    vi. Karen Youth Organization (KYO)
    vii. Kayan New Generation Youth (KNGY)
    viii. Kuki Students Democratic Front (KSDF)
    ix. Mon Youth Progressive Organization (MYPO)
    x. Naga National League for Democracy – Youth (NNLD-Y)
    xi. National League for Democracy - Liberated Areas (Youth) (NLD-LA-Y)
    xii. Pa-O Youth Organization (PYO)
    xiii. Tavoyan Youth Organization (TYO)
    xiv. Taang Students and Youth Organization (TSYO)
    xv. Zomi Students and Youth Organization (ZSYO)
11. Shwe Gas Movement (SGM)
12. Youth for Social Change Myanmar
13. **Women League of Burma (WLB)**
    i. Burmese Women’s Union (BWU)
    ii. Kachin Women's Association-Thailand (KWAT)
    iii. Karen Women's Organization (KWO)
    iv. Karenni National Women's Organization (KNWO)
    v. Kayan Women's Organization (KyWO)
    vi. Kuki Women's Human Rights Organization (KWHRO)
    vii. Lahu Women's Organization (LWO)
    viii. Palaung Women's Organization (PWO)
    ix. Pa-O Women's Union (PWU)
    x. Rakhaing Women's Union (RWU)
    xi. Shan Women’s Action Network (SWAN)
    xii. Tavoy Women's Union (TWU)
    xiii. Women's Rights and Welfare Association for Burma (WRWAB)